## ၂-၃။ ဆူနာမီ



- ပင်လယ်ကြမ်းပြင်အောက်ခြေတွင် ကြီးမားသောငလျင်များဖြစ်ပွားပါက ပင်လယ်မြေအောက် ကြမ်းပြင်မြင့်တက်ခြင်း၊ နိမ့်ကျခြင်းများဖြစ်ပွားနိုင်သည်။ ထိုအခြင်းအရာနှင့်အတူ ပင်လယ်ရေ မျက်နှာပြင်၌လည်း လှိုင်းလုံးကြီးများဖြစ်ပေါ်လာပြီး အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့သွားခြင်းသည် ဆူနာမီဖြစ်သည်။
- “ဆူနာမီမလာမီ ဒီရေကျသည်”ဟု အဆိုရှိသော်လည်း ကျိန်းသေပေါက် ထိုကဲ့သို့လည်း မဆိုနိုင်ပါ။

### ပြင်ဆင်ခြင်း

- ဆူနာမီမှ မိမိကိုယ်ကိုကာကွယ်ရန်အတွက် ကြိုတင်၍ ဘေးအန္တရာယ်ပြမြေပုံနှင့် တိမ်းရှောင်နိုင် သော နေရာများကို ရှာဖွေဖတ်ရှု၍ မိမိနေအိမ်မှ ထိုတိမ်းရှောင်နေရာအထိသွားမည့် ဘေး အန္တရာယ်ကင်းရှင်းသော လမ်းကြောင်းရှာဖွေထားရန်မှာလည်း အရေးကြီးသည်။

### ဆူနာမီလာမည့်(လာပြီးသည့်)အချိန်တွင်

ဆူနာမီ ပင်လယ်ကမ်းစပ်သို့ရောက်ရှိလာခြင်းကို မြင်တွေ့မှ စတင်တိမ်းရှောင်ပါက အချိန်မီမည် မဟုတ်ပါ။ အောက်ပါအချက်များကို ဂရုပြု၍ ထွက်ပြေးတိမ်းရှောင်ပါ။

- ပင်လယ်နှင့်မြစ်ဝအနီး၌ ပြင်းထန်သော လှုပ်ယမ်းမှုမျိုးခံစားရသောအခါ၊ အားပျော့သော်လည်း အချိန်အတော်ကြာလှုပ်ယမ်းမှုကိုခံစားရသောအခါ ထိုပင်လယ်နှင့်မြစ်ဝမှ ဝေးကွာသည့်နေရာသို့ အလျင်အမြန်ရှောင်ခွာ၍ ကုန်းမြင့်နှင့် တိမ်းရှောင်ရေးအဆောက်အအုံစသည့် မြင့်မားသောနေရာ များသို့ တိမ်းရှောင်ရန်။

- ငလျင်ကိုမခံစားရသော်လည်း မိုးလေဝသအေဂျင်စီမှ ဆူနာမီသတိပေးချက်ထုတ်ပြန်လာသည့်အချိန်နှင့် မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ တိမ်းရှောင်ရန် အမိန့်ထုတ်ပြန်လာပါက၊ ပင်လယ်နှင့်မြစ်ဝမှ ဝေးကွာသည့်နေရာသို့ အလျင်အမြန်ရှောင်ခွာ၍ ကုန်းမြင့်နှင့် ကယ်ဆယ်ရေးစခန်းစသည့် မြင့်မားသောနေရာများသို့ တိမ်းရှောင်ရန်။
- မှန်ကန်သောသတင်းအချက်အလက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ မိုဘိုင်းဖုန်းနှင့် ကြိုးမဲ့စနစ် များ၊ အင်္ဂလိပ်ဘာသာပြန် မိုးလေဝသအေဂျင်စီ၏အင်တာနက်စာမျက်နှာနှင့် ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာသိကောင်းစရာများ "Safety Tips" စသည်တို့မှ ရယူရန်။
- ဆူနာမီသည်အကြိမ်ကြိမ်ရိုက်ခတ်နိုင်သောကြောင့် အထူးသတိပေးချက် သို့မဟုတ် သတိပေး ချက် ရုပ်တန့်သွားသည်အထိ ပင်လယ်နှင့်မြစ်ဝ၏ အနီးသို့သွားရောက်ခြင်း မပြုရန်။

One Point:

**ဆူနာမီအလံ**



- ၂၀၂၀ခုနှစ် ဇွန်လမှစ၍ ပင်လယ်ကမ်းခြေတွင် အနီရောင်နှင့်အဖြူရောင်လေးထောင့်ကွက်ပုံစံ အလံ "ဆူနာမီအလံ" ဖြင့် ကြီးမားသောဆူနာမီသတိပေးချက်၊ ဆူနာမီသတိပေးချက်၊ ဆူနာမီအသိပေးချက်များထုတ်ပြန်ခြင်းကို အမြင်အာရုံဖြင့် အသိပေးခြင်းဆောင်ရွက်မှုများကို စတင်ခဲ့ပါသည်။
- "ဆူနာမီအလံ" ကိုအသုံးပြုခြင်းဖြင့် အကြားအာရုံမသန်စွမ်းသည့်ပုဂ္ဂိုလ်များ၊ လှိုင်းသံ၊ လေသံများဖြင့် အသံများကိုကြားရန်ခက်ခဲရန်သော ရေကူးနေသည့်ပုဂ္ဂိုလ်များ၊ တစ်ဖန် နိုင်ငံခြားလူမျိုးများကိုလည်း ဆူနာမီသတိပေးချက်စသည်များ ထုတ်ပြန်နေခြင်းကို အသိပေးနိုင်ပါသည်။

**"ဆူနာမီအလံ" အကြောင်း (အင်္ဂလိပ်ဘာသာ)**

https://www.data.jma.go.jp/eqev/data/en/tsunami/tsunami_flag.html